**ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (၆)လကာလ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သော အဆောက်အဦများ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပြုတင်ဒါ အဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၂၉-၁၀-၂၀၂၁ ရက်နေ့မှ စတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံ တင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီး ဌာနများ၏ တည်ဆောက်ရေးလုပ်ငန်းအုပ်စုအလိုက် ဈေးနှုန်းအဆိုပြုလွှာများအား ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ကျောက်မျက်ကွက်သစ်၊ တော်ဝင်ရတနာလမ်း (ဆုတောင်းပြည့်ကျောင်းတိုက်အနီး)ရှိ **ဒက္ခိဏခရိုင်မီးသတ်စခန်း**တွင် ၈-၁၁-၂၀၂၁ ရက်နေ့ ၁၀၀၀ နာရီမှ ၁၆၀၀ နာရီအထိ တင်သွင်းရမည် ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်း မပြုပါ။)

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း ၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၄၆၆ |
| ( ခ ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| ( ဂ ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း ၀၆၇-၃၄၁၂၇၇၂၊ ၀၆၇-၃၄၁၂၇၉၄ |
| (ဃ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| ( င ) | အကျဉ်းဦးစီးဌာန | ဖုန်း ၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| ( စ ) | မီးသတ်ဦးစီးဌာန | ဖုန်း ၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ